eComRegSystem
Ministry of Commerce

# အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်း(Online Sales) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း(Extension) အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်

## (User Guide)

## သက်တမ်းတိုးဆောင်ရွက်ခြင်းမပြုလုပ်မီသိရှိရန် အချက်များ (သတိပြုရန်)

၁။ သက်တမ်းတိုးပြုလုပ်ရာတွင် မည်သည့်အချက်အလက်ကိုမှပြင်ဆင်ခွင့်မပြုပါ။

၂။ သက်တမ်းကုန်ဆုံးရန် ရက်(၆၀) မှစတင်၍ သက်တမ်းတိုးလျှောက်ထားနိုင်ပြီး မူလသက်တမ်းအတိုင်း ရရှိမည်ဖြစ်သည်။

၃။ သက်တမ်းမတိုးမီ ပြင်ဆင်ရန်လိုအပ်ချက်ရှိပါက ပြင်ဆင်လျှောက်ထားခြင်း (Amend) ကို ဦးစွာလျှောက်ထားရမည်။ (သက်တမ်းရှိနေရပါမည်)

၄။ သက်တမ်းကုန်ဆုံးပြီးမှ ပြင်ဆင်ရန်လိုအပ်ချက်ရှိပါက သက်တမ်းတိုးခြင်းကို ဦးစွာဆောင်ရွက်၍ ပြင်ဆင်ခြင်းလုပ်ငန်းကို လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ စနစ်၌ ထည့်သွင်းထားသည့် Payment (MPU (eCommerce Pay) ၊ AYA Pay ၊ KBZPay၊ uabpay၊ A+ Wallet ၊ CITIZENS PAY) များဖြင့်သာ ငွေပေးသွင်းရပါမည်။

**Online Sale မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားရာ၌ တင်ပြရမည့် ဝန်ခံကတိနမူနာပုံစံ**

သို့

ညွှန်ကြားရေးမှူးချုပ်

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရက်စွဲ ။ - - ၂၀၂၄

အကြောင်းအရာ။ ။ **အချက်အလက်မှန်ကန်ကြောင်း ဝန်ခံကတိပြုခြင်း**

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ်....................................၏ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်း (Online Sale) မှတ်ပုံတင်လက်မှတ်အမှတ် ................................................၊ Business Name ...........................................................................သည် ................................... ရက် တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသဖြင့် မှတ်ပုံတင်လက်မှတ်အား သက်တမ်းတိုးခွင့်ပြုနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

၂။ (Online Sale) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားမှုနှင့် ပတ်သက်၍ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားသည့် အချက်အလက်များပြောင်းလဲမှုမရှိပါကြောင်း၊ ပြောင်းလဲမှုရှိပါက သက်တမ်းတိုးပြီးနောက် ပြင်ဆင်လျှောက်ထား၍ ပြင်ဆင်မည်ဖြစ်ပါကြောင်း၊ ဌာနသို့ တင်ပြထားသည့် အချက်အလက်များနှင့် မြေပြင်အချက်အလက်များ ကွဲလွဲမှုရှိပါက အပြည့်အဝ တာဝန်ယူမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

**လေးစားစွာဖြင့်**

## နိဒါန်း


အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်း(Online Sales) မှတ်ပုံတင်လက်မှတ်အား သက်တမ်းတိုးခြင်း (Extension) ပြုလုပ်ရန်လိုအပ်ပါက eComReg System အသုံးပြု၍ သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်ရန် လုပ်ငန်းစဉ်များဖြစ်ပါသည်။

## Apply Extension Application (သက်တမ်းတိုးလျှောက်ထားရန်)

**လုပ်ငန်းစဉ်**

(၁) စနစ်သို့ Login ဝင်ရောက်ပြီး၊ Dashboard ရှိ **Registered Business List** သို့သွားပါ။

(၂) Registered Business List ၏ မိမိ၏ certificate ရှိ **Action Button** ကိုနှိပ်လျှင် တစ်ဖက်ဖော်ပြပါပုံအတိုင်း ကြည့်ရှုခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို တွေ့ရှိရမည်ဖြစ်ပါသည်။





*Figure(1): To amend*

(၃) မိမိ၏ certificate ကို သက်တမ်းတိုးလိုပါက **သက်တမ်းတိုးခြင်း** ကိုနှိပ်ပါ။ တစ်ဖက်ပါအတိုင်း "**သက်တမ်းတိုးခြင်းပြုလုပ်မှာ သေချာပါလား**" ဟု confirmation Message ကို တွေ့မြင်ရပါမည်။

သက်တမ်းတိုးမည်ဆိုပါက **OK** ကိုနှိပ်ပါ။

မပြင်ဆင်လိုပါက **Cancel** ကိုနှိပ်ပါ။




*Figure(2) : Confirmation*

(၄) OK ကိုနှိပ်ပါက အောက်ဖော်ပြပါအတိုင်း **Business Information page** သို့ ရောက်ရှိမည် ဖြစ်ပြီး သက်တမ်းတိုးခြင်းအတွက် ပူးတွဲတင်ပြရန်လိုအပ်သည့် attachment ကို **လုပ်ငန်း (ထပ်မံလိုအပ်သည့်အချက်အလက်များတွဲရန်)** ဟူသော ခေါင်းစဉ်ရှိရာနေရာ၌ attachment တွဲ၍ **Next** button ကို နှိပ်ရပါမည်။








*Figure (3) : Business Information*

(၅) Next ကိုနှိပ်ပါက အောက်ဖော်ပြပါအတိုင်း **Owner Information** ပါအချက်များကို တွေ့မြင်ရမည်ဖြစ်ပြီး သက်တမ်းတိုးခြင်းအတွက် ပူးတွဲတင်ပြရန်လိုအပ်သည့် attachment ကို **ပိုင်ရှင်(ထပ်မံလိုအပ်သည့်အချက်အလက်များတွဲရန်)** ဟူသော ခေါင်းစဉ်နေရာ၌ attachment တွဲ၍ **Next** button ကိုနှိပ်လျှင် **eCommerce Platform** page သို့ ရောက်ရှိမည်ဖြစ်ပြီး **Previous** Button ကိုနှိပ်ပါက ယခင် page သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။




*Figure(4) : Business Owner Information*

(၆) Next ကိုနှိပ်ပါက အောက်ဖော်ပြပါအတိုင်း **eCommerce Platform** တွင် မူလရွေးချယ်လျှောက်ထားခဲ့သည့် အချက်များ (**Website ၊ Social Media ၊ Mobile Application**) များကို တွေ့မြင်ရမည်ဖြစ်ပြီး **Next** button ကိုနှိပ်လျှင် Preview Page သို့ရောက်ရှိမည်ဖြစ်ပြီး **Previous** Button ကိုနှိပ်ပါက ယခင် page သို့ ပြန်လည် ရောက်ရှိမည်ဖြစ်ပါသည်။





*Figure (5) : eCommerce Platform*

(၇) Next ကိုနှိပ်ပါက တစ်ဖက်ပါ **Preview** အဆင့်ကိုရောက်ရှိပြီး Preview ရှိ "**I agree to Terms & Conditions**" ရှိ **checkbox** ကို **ticking** ခြစ်၍ **Next** button ကိုနှိပ်မှသာ ငွေပေးသွင်းသည့် **Payment Information** page သို့ ရောက်ရှိမည်ဖြစ်ပါသည်။







*Figure (6) : Preview Page*

(၈) Next button ကိုနှိပ်၍ အောက်ပါငွေပေးသွင်းသည့် **Payment Information** page သို့ ရောက်ရှိမည်ဖြစ်ပြီး မိမိငွေပေးသွင်းမည့် **Payment Type** ကို ရွေးချယ်၍ Online ကြေး ငွေပေးသွင်းရန် **Make Payment** ကို နှိပ်ရမည်ဖြစ်ပါသည်။





Figure(7) : Payment Information

(၉) Payment Type ကို ရွေးချယ်၍ **Make Payment** ကို နှိပ်လိုက်ပါက သက်ဆိုင်ရာ **Payment Portal** ပေါ်သို့ ရောက်ရှိ၍ ငွေပေးသွင်းရမည်ဖြစ်ပါသည်။





*Figure(8) : Payment Portal*

(၁၀) သက်ဆိုင်ရာ Payment Portal ပေါ်၌ ငွေပေးချေမှု အောင်မြင်ပါက အောက်ပါ **Voucher** ကို တွေ့မြင်ရမည်ဖြစ်ပြီး Print ထုတ်နိုင်ပြီး **Continue** ကိုနှိပ်လျှင် **User Dashboard** ပေါ်သို့ ရောက်ရှိမည်ဖြစ်ပါသည်။




*Figure(9) : Payment Voucher*

(၁၁) User Dashboard ပေါ်ရှိ **In Progress** ၌ မိမိလျှောက်ထားသည့် application ကို အောက်ပါအတိုင်း တွေ့မြင်ရမည်ဖြစ်ပါသည်။




*Figure(10) : InProgress status*

(၁၂) ဌာနဘက်မှ လျှောက်ထားမှုအား စိစစ်မည်ဖြစ်ပြီး ခွင့်ပြုပါက User Dashboard ပေါ်ရှိ **Payment Ready** ၌ တစ်ဖက်ပါအတိုင်း တွေ့မြင်နိုင်မည်ဖြစ်ပြီး သက်တမ်းတိုးကြေး ငွေပေးသွင်းရမည် ဖြစ်ပါသည်။




*Figure (11): Payment Ready status*

(၁၃) **Payment Ready** ရှိ **Action** Button ကို နှိပ်၍ အထက်ပါ ငွေပေးသွင်းသည့်နည်းလမ်း ဖြင့် သတင်းလွှာ(၁၇/၂၀၂၃)ပါအတိုင်း သက်တမ်းတိုးကြေး ပေးသွင်း၍ သက်တမ်းတိုးပြီးသည့် မိမိ၏ **Certificate** ကို အောက်ပါအတိုင်း ရရှိမည်ဖြစ်ပါသည်။





*Figure (12) : Extension Certificate*